# ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

## ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု

မောင်တောမြို့၊ ကညင်ချောင်းစီးပွားရေးဇုန် A(၄၉.၅၈)ဧက တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ (၉၆.၇%)

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် Shareholder’s Agreement ကို(၁၆-၁-၂၀၂၀)ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။



ကညင်ချောင်းစီးပွားရေးဇုန်စီမံကိန်း

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး EIA/SIA လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး(၅)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

### ရင်းနှီးမြှုပ်နှံမှု

| | ထပ်တိုး | | ဆောင်ရွက်လျက်ရှိ | | စုစုပေါင်း |
|---|---|---|---|---|---|
| မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း | - | + | ၂၇ | = | ၂၇ |
| နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း | ၁ | + | ၃၀ | = | ၃၁ |

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ထပ်တိုး(၁)ခု — အမေရိကန်ဒေါ်လာ ၁၇၂.၃၂၀ သန်းဖြင့် Individual Power Producer-IPP (Build Operate Transfer-BOT) စနစ်ဖြင့် ၁၃၅ MW သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း (စင်ကာပူနိုင်ငံ)

| | |
|---|---|
| အသေးစား+အလတ်စားလုပ်ငန်းရှင်များသို့ ချေးငွေရရှိမှု လွယ်ကူစေရန် လုပ်ငန်းရှင်ထောက်ခံချက်ထုတ်ပေးမှု | (၄၁) ဦး |
| မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့သော ဒေသခံကုမ္ပဏီ | (၁၃) ခု |
| ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့မှ ပကတိဖြစ်ပေါ်လျက်ရှိသည့် မြေပြင်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုသိရှိနိုင်ရန် ကွင်းဆင်းစစ်ဆေး | မီလီလျံနာဖြိုးထရေးဒင်း ကုမ္ပဏီလီမိတက်နှင့် Ocean Tiger Co., Ltd. |

မြန်မာနိုင်ငံမှ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs)တွင် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အလေ့အထအပြုအမူများ ပိုမိုတိုးတက်လာစေရန် ဒိန်းမတ်နိုင်ငံမှ မြန်မာကျပ်ငွေ(၁၈)ဘီလီယံတန်ဖိုးရှိ ယှဉ်ပြိုင်မှုအတွက် ထောက်ပံ့ငွေ(Challenge Fund) ပေးအပ်သည့် Responsible Business Fund (RBF) Myanmar Program သည် ဆန်းသစ်တီထွင်မှုရှိပြီး(RBF)၏ ရန်ပုံငွေထောက်ပံ့ပေးမည့်ကဏ္ဍများနှင့်ကိုက်ညီသည့် စီမံကိန်းများကို ငွေကြေးတစ်စိတ်တစ်ပိုင်း ထောက်ပံ့နိုင်ရေးလုပ်ငန်းစာချုပ်များ ချုပ်ဆိုပြီးဖြစ်ပါသည်။

ယှဉ်ပြိုင်မှုအောင်မြင်ခဲ့သော စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအလိုက် RBF အဖွဲ့မှ အောက်ပါအတိုင်း ထောက်ပံ့ငွေများ ပေးအပ်မည်ဖြစ်ပါသည်-

- SME ကျပ်(၁၅၁)သိန်း တန်ဖိုးရှိသော စစ်တွေမြို့မှ OK သံသေတ္တာ လုပ်ငန်းအတွက် — ၄၀ %
- SME ကျပ်(၁၀၂၂)သိန်း တန်ဖိုးရှိသော Recycle Tissue ထုတ်လုပ်ရန် စစ်တွေမြို့မှ နေလ Guest House အတွက် — ၄၉ %
- SME ကျပ်(၃၂၆)သိန်း တန်ဖိုးရှိသော ငါး/ပုဇွန် ထုတ်လုပ်ရေးလုပ်ငန်းတွင် အသုံးပြုသည့် Solar စနစ်သုံး ရေဒလက်များ တပ်ဆင်ရန် ပေါက်တောမြို့မှ ရွှေပြည်ရခိုင် ငါး/ပုဇွန် ထုတ်လုပ်ရေးလုပ်ငန်းအတွက် — ၅၀ %

## သင်တန်းဖွင့်လှစ်ဆောင်ရွက်မှု

| ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသောအသက်မွေးဝမ်းကျောင်းသင်တန်း | | အမျိုးသမီးဦးစီးပေး အသက်မွေးဝမ်းကျောင်းသင်တန်း | |
|---|---|---|---|
| (၃၈)ကြိမ် | (၈၂၄)ဦး | (၂၆)ကြိမ် | (၄၉၈)ဦး |
| - မော်တော်ယာဉ်/ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်း<br>- လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း၊ လျှပ်စစ်ဂဟေဆက်သင်တန်း၊ လျှပ်စစ်ဝါယာရိန်းသင်တန်း၊လျှပ်စစ်ပစ္စည်းပြုပြင်ခြင်းသင်တန်း၊အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းနှင့်ဆိုလာပြုပြင်ထိန်းသိမ်းခြင်းသင်တန်း<br>- တယ်လီဖုန်း၊ ဟန်းဆက်ပြုပြင် ထိန်းသိမ်းနည်းသင်တန်း<br>- ပိုက်ဆက်ပိုက်ပြင်ရေပိုက်သွယ်တန်း ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း<br>- လက်သမား၊ ပန်းရံသင်တန်း<br>- စိုက်ပျိုး/မွေးမြူရေးဆိုင်ရာသင်တန်း<br>- အခြေခံရေချိုငါးမွေးမြူရေးသင်တန်း<br>- တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး/ ပညာပေးသင်တန်း<br>- ပန်းချီရေးဆွဲခြင်းသင်တန်း<br>- ကွန်ပျူတာသင်တန်း<br>- တစ်လုံးထိုးအင်ဂျင်ပြုပြင်သင်တန်း<br>- အုတ်စီပန်းရံသင်တန်း<br>- ဆိုလာပြုပြင်တပ်ဆင်ခြင်းသင်တန်း<br>- မှိုစိုက်ပျိုးနည်းသင်တန်း<br>- ဝက်မေထုံမွဲသားစပ်အခြေခံသင်တန်း<br>- မေထုံမွဲသားစပ်ဆင့်ပွားသင်တန်း | | - အခြေခံစက်ပြင်သင်တန်း<br>- ပန်းကြယ်သီးပြုလုပ်နည်းသင်တန်း<br>- အိတ်ချုပ်နည်းသင်တန်း<br>- မုန့်လုပ်နည်းသင်တန်း<br>- စက်ချုပ်သင်တန်း<br>- ဇာထိုးပန်းထိုးသင်တန်း<br>- သဘာဝဆိုးဆေးနည်းပညာသင်တန်း<br>- လူသုံးကုန်နှင့်အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း<br>- ရိုးရာဂျပ်ခုတ်နည်းပညာသင်တန်း | |



ဒုံးပြင်မြောက်ကျေးရွာ၌ အိတ်အမျိုးမျိုးချုပ်လုပ်နည်းသင်တန်း



အခြေခံရေချိုငါးမွေးမြူရေးသင်တန်း



အောင်မင်္ဂလာကျေးရွာတွင် မုန့်အမျိုးမျိုး ပြုလုပ်နည်းသင်တန်း

## ငွေကြေး/စီးပွားရေးပညာပေးသင်တန်း

- ရခိုင်ပြည်နယ်အတွင်းရှိ MSME များအတွက် ရခိုင်ပြည်နယ် MSME Agency မှ Start and Improve Your Business(SIYB) အဖွဲ့အစည်းနှင့် ရခိုင်လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းတို့နှင့် ပူးပေါင်း၍ ILO အသိအမှတ်ပြု Coca Cola ၏ လက်လီရောင်းဝယ်ရေးဆိုင်ရာသင်တန်း (၇)ကြိမ်ဖြင့် MSME လုပ်ငန်းရှင် (၉၆)ဦးကို သင်တန်းပို့ချပေး နိုင်ခဲ့ပါသည်။
- MSME လုပ်ငန်းရှင်များအတွက် လိုအပ်သော အသိပညာ၊ ဗဟုသုတများကို ဖြန့်ဝေပေးနိုင်ရန် ရခိုင်ပြည်နယ် MSME Agency နှင့် UNDP အဖွဲ့အစည်းတို့ပူးပေါင်း၍ Youth and Women, Startup သင်တန်းနှင့် Ongoing Business များအတွက် စီးပွားရေးအထောက်အကူပြုသင်တန်းတို့ကို အကြိမ်ရေ (၁)ကြိမ်စီဖြင့် စိတ်ပါဝင်စားသူ(၄၇)ဦးအား သင်တန်းပို့ချပေးနိုင်ခဲ့ပါသည်။

## ခရီးသွားလုပ်ငန်း



ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၁/၂၀၂၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၁-၁-၂၀၂၀)ရက်နေ့တွင် ကျင်းပခဲ့ပါသည်။



အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာအစီအစဉ် (၂၀၁၆-၂၀၂၅)အရ အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းများဆိုင်ရာဆွေးနွေးဟောပြောပွဲအခမ်းအနားကို (၂၂-၂-၂၀၂၀) ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။



မာန်အောင်ကျွန်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ပင်မစီမံကိန်းဆောင်ရွက်ရန် ကြီးကြပ်ရေးကော်မတီ၏ ဒုတိယအကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို (၂-၃-၂၀၂၀)ရက်နေ့တွင် ကျင်းပခဲ့ပါသည်။



(၂၅-၁-၂၀၂၀)ရက်နေ့မှ (၂၆-၁-၂၀၂၀) ရက်နေ့အထိ "Comprehensive Strategy for a Responsible and Sustainable Tourism Development for Rakhine State 2020-2030" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနား ကျင်းပခဲ့ပါသည်။



(၅-၂-၂၀၂၀)ရက်နေ့မှ (၇-၂-၂၀၂၀)ရက်နေ့အထိ သံတွဲမြို့၌ အဆင့်မြင့်တည်းခိုရိပ်သာ(၁)လုံးနှင့် ခရီးလှည့်လည်ရေးကုမ္ပဏီ(၁)ခုတို့ကို မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

## အလုပ်သမားမှတ်ပုံတင်ခြင်း

| | | | | |
|---|---|---|---|---|
| မှတ်ပုံတင်ခြင်း | ကျား(၁၂၀၃)ဦး | မ (၁၃၀၃)ဦး | စုစုပေါင်း (၂၅၀၆)ဦး | အလုပ်ရ % |
| အလုပ်အကိုင်ရရှိ | ကျား(၂၈၇)ဦး | မ (၁၁၆)ဦး | စုစုပေါင်း (၄၀၃) ဦး | ကျား ၇၁.၂၂ % / မ ၂၈.၇၈ % |
| Mobile Team ဖြင့် မှတ်ပုံတင်ခြင်း | ကျား(၂၅)ဦး | မ (၁၁)ဦး | စုစုပေါင်း (၃၆)ဦး | အလုပ်ရ % |
| Mobile Team ဖြင့် အလပ်အကိင်ရရှိ | ကျား(၁၇)ဦး | မ (၆)ဦး | စုစုပေါင်း (၂၃) ဦး | ကျား ၇၃.၉၁ % / မ ၂၆.၀၉ % |

## လမ်းပန်းဆက်သွယ်ရေး

| ရာနှုန်းပြည့်ဆောင်ရွက်ပြီးတံတား (၁၂) စင်း | ဆောင်ရွက်ဆဲတံတား (၂၅) စင်း |
|---|---|
| ဆိပ်နားပြင်၊ ကြိမ်ချောင်း-ဂုပ္ပိလမ်းပေါ်ရှိ တံတားအမှတ် (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ ကျောက်ပန္နူ-အင်းဒင်- စေတီပြင် လမ်းပေါ်ရှိ တံတားအမှတ် (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)။ | ပြွန်ရှည်၊ ခရမ်းချောင်း၊လုံးချောင်း၊ရှူးချောင်း၊မြောင်းဘွေ၊ ရာမောင်၊ ခရချောင်း၊ တောင်ရှောက်ချောင်း၊ ရွာချောင်းကြီး၊ ငပြီကြီး၊ ကာမေချောင်း၊ ကင်းချောင်း၊ ကျောက်ပါးစပ်၊ ငတန်ပျင်း၊ ပန်းခြံချောင်း၊ ကျီချောင်း၊ ဝချောင်း၊ ကျောက်တွေ၊ ကျွဲကူး၊ မင်းတက်ချောင်း၊ ဒေါရထချောင်း၊ ကွန်တိုင်၊ကြိမ်ချောင်း-ဂုပ္ပိလမ်းတံတားအမှတ်(၈)၊စေတီတောင်၊မကျည်းချောင်း။ |



ဆိပ်နားပြင်တံတား



ကြိမ်ချောင်း-ဂုပ္ပိလမ်းတံတားအမှတ်(၇)



ကျောက်ပန္နူ-အင်းဒင်-စေတီပြင်လမ်းတံတားအမှတ်(၅)

## ကုန်ထုတ်လမ်းနှင့် ကုန်ထုတ်တံတားဆောင်ရွက်မှုအခြေအနေ

ကျောက်တော်၊ အမ်း၊ ရမ်းဗြဲ၊ ဂွ၊ မြေပုံနှင့် ကျောက်ဖြူ မြို့နယ်(၆)မြို့နယ်တွင် ကုန်ထုတ်လမ်း(၇)လမ်းအရှည် (၁၀/ ၁.၄၈) မိုင် (၉၀ %)ပြီးစီး၍ ကုန်ထုတ်တံတား(၃၂)စင်း၊ အရှည် (၃၆၆)ပေ (၈၂ %) ပြီးစီးနေပြီဖြစ်ပါသည်။



အမ်းမြို့နယ်၊ ကျောက်မြောင်းကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း

## မေယုတောင်ကျော်(၄)လမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ

| စဉ် | မြို့နယ် | ဆောင်ရွက်မည့်လုပ်ငန်း | လမ်း ပြီးစီးမှု ရာခိုင်နှုန်း | တံတား ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | မောင်တော | ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်း | ၇၀ % | ၆၃ % |
| ၂ | မောင်တော/ ဘူးသီးတောင် | ဥဒေါင်း-ညောင်ချောင်းတောင်ကျော်လမ်း | - | ၇၀ % |
| ၃ | မောင်တော | သက်ကိုင်ညာ-ပဒဂါးတောင်ကျော်လမ်း | ၆၇ % | ၆၀ % |
| ၄ | မောင်တော | ကျောက်ပန္နူ-အင်းဒင်-စေတီပြင်တောင်ကျော်လမ်း | ၆၈ % | - |



ဥဒေါင်း-ညောင်းချောင်း တောင်ကျော်လမ်း တည်ဆောက်ခြင်း

မေယုတောင်ကျော် (၄)လမ်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်တွင် (၁၈)ပေ အကျယ် ကွန်ကရစ်လမ်းအဆင့်သို့ ရောက်ရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## ပို့ဆောင်ရေးကဏ္ဍ

### လေကြောင်းသယ်ယူပို့ဆောင်ရေး

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ရခိုင်ပြည်နယ်ခရီးစဉ်များကို ပြည်တွင်း ခရီးစဉ်အားလုံး၏ (၂၀.၀၄%) ပျံသန်းပို့ဆောင်ပေးနိုင်ခဲ့ပြီး ပျံသန်းပြေးဆွဲနေသော ခရီးစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ပျံသန်းသည့်မြို့ | ပျံသန်းသည့်နေ့ရက်များ |
|---|---|---|
| ၁ | ရန်ကုန်-သံတွဲ-ရန်ကုန် | နေ့စဉ် |
| ၂ | ရန်ကုန်-မာန်အောင်-ရန်ကုန် | တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ |
| ၃ | ရန်ကုန်-ကျောက်ဖြူ-ရန်ကုန် | တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ၊ တနင်္ဂနွေ |
| ၄ | ရန်ကုန်- အမ်း - ရန်ကုန် | တနင်္လာ၊ သောကြာ |
| ၅ | ရန်ကုန်- စစ်တွေ -ရန်ကုန် | နေ့စဉ် |
| ၆ | သံတွဲ-ကျောက်ဖြူ | ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေ၊ |
| ၇ | သံတွဲ-စစ်တွေ | ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေ၊ |
| ၈ | မာန်အောင်-ကျောက်ဖြူ | တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ |
| ၉ | မာန်အောင် - စစ်တွေ | တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ |
| ၁၀ | ကျောက်ဖြူ - စစ်တွေ | တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေ၊ |
| ၁၁ | ရန်ကုန်-မကွေး-အမ်း-စစ်တွေ-အမ်း- မကွေး-ရန်ကုန် | တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ |

| စဉ် | ပျံသန်းသည့်မြို့ | ပျံသန်းသည့်နေ့ရက်များ |
|---|---|---|
| ၁၂ | <u>ကျွန်းပတ်ခရီးစဉ်</u><br>ရန်ကုန်-သံတွဲ-ကျောက်ဖြူ- စစ်တွေ-ရန်ကုန် | တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေ၊ |

## ရေကြောင်းသယ်ယူပို့ဆောင်ရေး

| | |
|---|---|
| သဘော်၊ စက်လှေများ၏ ပင်လယ်လုံခြုံမှု (Life Saving Appliance Certificate)ထုတ်ပေးမှု | (၉၂)ကြိမ် |

မာန်အောင်-ရမ်းဗြဲ ဇက်ကူးတို့လမ်းပြေးဆွဲရန်အတွက် ကမ်းရိုးတန်းသွား "ဇက်-၃၀၁"ရေယာဉ်ကို စက်စမ်းသပ်မောင်းနှင်ခြင်း၊ ပင်လယ်ပြင် ဖြတ်သန်းခွင့်၊ ဝန်ထမ်းအသက်အာမခံနှင့် ရေယာဉ်အာမခံခြင်း လုပ်ငန်းများ ဆောင်ရွက်၍ Survey ပြုလုပ်ပြီး ရခိုင်ပြည်နယ်သို့ ပို့ဆောင်ရန်ဆောင်ရွက်လျက်ရှိပါသည်။

## မီးရထားသယ်ယူပို့ဆောင်ရေး

ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်း သံလမ်းနှင့် တာဘောင်ပြုပြင်ခြင်းဆောင်ရွက်ပြီးဖြစ်ပါသည်။

## ကုန်းလမ်းသယ်ယူပို့ဆောင်ရေး

ကုန်းလမ်းပို့ဆောင်ရေးမှ ခရီးသည်ပို့ဆောင်ရေးအနေဖြင့် ယခင်က တောင်ကုတ်-ပြည်ခရီးစဉ်ကို ပြေးဆွဲခဲ့ရာ ယခုအခါ ပြည်-တောင်ကုတ်-သံတွဲ-အမ်း-မြောက်ဦး-ကျောက်တော်-စစ်တွေ-ကျောက်ဖြူမြို့ များသို့ ခရီးစဉ်များကို ထပ်မံတိုးချဲ့ပြေးဆွဲရန်အတွက် လျာထားဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်-စစ်တွေပြေးဆွဲနေသော ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းများအနေဖြင့် တိုးရတနာ၊ အောင်သစ္စာ၊ ကြံ့တိုင်းအောင်၊ ရဲအောင်လံယာဉ်အသင်း(၄)သင်း ပြေးဆွဲလျက်ရှိပါသည်။

## တယ်လီဖုန်း၊ အင်တာနက်နှင့် ဆက်သွယ်ရေးကဏ္ဍ

| | |
|---|---|
| မိုဘိုင်းရေဒီယိုစခန်းတိုးချဲ့တည်ဆောက်နိုင်မှု | (၃၂) ခု |
| Fibre Optic Cable တိုးချဲ့ဆောင်ရွက်မှု | (၄၄၈.၈၅) Km |
| ADSL Internet Line | (၁၉) လိုင်း |
| MPT Satellite | (၁၁) ခု |
| အော်တိုတယ်လီဖုန်းအိတ်ချိန်း | (၄)လိုင်း |
| ဖွင့်လှစ်ပြီး စာတိုက်စခန်း | (၈၂) ခု |








ရခိုင်ပြည်နယ်ရှိ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့မှူးရုံးနှင့် နယ်ခြားစောင့်ရဲကင်းနယ်စပ်စခန်း(၂၂)ခုတို့တွင် တပ်ဆင်အသုံးပြုမည့် VSAT, Network Video Recorder, Network CCTV Surveillance Camera, Smart TV, Power Supply Unit စသည်တို့ကို တပ်ဆင်စစ်ဆေး စမ်းသပ်မှုများ ပြုလုပ်ပြီးဖြစ်ပြီး၊ CCTV ကင်မရာများ တပ်ဆင်၍ ဂြိုလ်တုဆက်ကြောင်း အသုံးပြုပြီး VSATs (Antenna & Modern Complete Set)၊ CCTV Surveillance Equipment နှင့် Power Supply System များတပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

## လျှပ်စစ်ကဏ္ဍ



ရခိုင်ပြည်နယ်ရှိမြို့ပေါင်း(၂၆)မြို့အနက်(၂၂)မြို့တွင် အိမ်ထောင်စု (၁၃၅၄၇၆)စုကို ဓာတ်အားစနစ်မှ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အိမ်ထောင်စု(၁၈၃၂၄၈)မှာ အခြားနည်းလမ်းဖြင့် လျှပ်စစ်မီးရရှိပြီးဖြစ်၍ ယခုအစီရင်ခံသည့်ကာလအတွင်း မီးလင်းပြီးအိမ်ထောင်စု စုစုပေါင်း (၃၁၈၇၂၄)စုရှိပြီး (၇၂.၂၆ %) လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

| စဉ် | လုပ်ငန်းအမည် | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၁ | ရခိုင်ပြည်နယ်အတွင်းရှိမောင်တော၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ စစ်တွေမြို့များရှိ မြို့ပေါ်နေရာများနှင့် တောင်ကုတ်၊ မင်းပြား၊ ကမ်းထောင့်ကြီး၊ သံတွဲမြို့များရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက်<br>• ၁၁ ကေဗွီ ဓာတ်အားလိုင်း (၂.၅၆၈)မိုင်<br>• ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ (၂၆)လုံး<br>• ၄၀၀ ဗို့ ဓာတ်အားလိုင်း (၁.၇၅) မိုင် | တည်ဆောက်ပြီးစီး (၃.၁.၂၀၂၀)ရက်နေ့မှစ၍ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီးဖြစ် |
| ၂ | ကြိမ်ချောင်းကျေးရွာအပါအဝင် ကျေးရွာ(၁၇)ရွာအတွက် ဓာတ်အားပေးရန်<br>• ၆၆/၃၃ KV၊ ၁၀MVA ဓာတ်အားခွဲရုံ၊ ၆၆/၁၁ KV၊ ၅MVA ဓာတ်အားခွဲရုံနှင့် မောင်တောဓာတ်အားခွဲရုံတွင် Switch Bay Extension တည်ဆောက်ခြင်းအတွက် ခွဲရုံတပ်ဆင်ခြင်းလုပ်ငန်း<br>• ဓာတ်အားခွဲရုံ၊ ဓာတ်အားထိန်းချုပ်အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် အခြားမြို့ပြလုပ်ငန်းများ<br>• ၆၆ ကေဗွီလိုင်း (၂၀.၄)မိုင် တာဝါတိုင် Foundation | ၈၀ %<br>၁၀၀%<br>၃၀%<br>တာဝါတိုင်တပ်ဆင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေပြီဖြစ် |
| ၃ | အမ်းမြို့နယ်၊ ကဇုကိုင်းကျေးရွာအပါအဝင် ကျေးရွာ (၅၃)ရွာအတွက်<br>• ၃၃/၁၁ကေဗွီ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံ<br>• ၃၃ကေဗွီဓာတ်အားလိုင်း(၄.၅၁) တည်ဆောက်ခြင်း | ၄၀% |
| ၄ | သံတွဲမြို့နယ်၊ကျောက်ကြီးကျေးရွာအပါအဝင်ကျေးရွာ(၃၈)ရွာအတွက်<br>• ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ<br>• ၆၆ ကေဗွီလိုင်း (၁၆.၆၇)မိုင် တည်ဆောက် ခြင်း<br>• ၁၁ကေဗွီလိုင်း (၃၅.၅၇)မိုင်၊ ၄၀၀ဗို့လိုင်း (၂၄)မိုင်နှင့် ၁၁/၀.၄ကေဗွီ ထရန်စဖော်မာ (၄၃)လုံး တည်ဆောက်ခြင်းလုပ်ငန်း | ၄၀ %<br>၅၀ %<br>Technical Specification များ စိစစ်ပြီး |
| ၅ | • ကြိမ်ချောင်းခွဲရုံမှ တောင်ပြိုဝဲသို့ ၃၃ကေဗွီ လိုင်း၁၇မိုင်၊ တောင်ပြိုဝဲတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံ တည်ဆောက်ခြင်း<br>• မောင်တောမြို့နယ်၊ ကျီးကန်းပြင်မှ ကယ်ဆယ်ရေး စခန်းအထိ ၁၁ ကေဗွီ ဓာတ်အားလိုင်း (Iron Pole) (၃)မိုင်၊ လှဖိုးခေါင်ကယ်ဆယ်ရေးစခန်းအတွက် ၁၁/၀.၄ ကေဗွီအေ ခွဲရုံ(၂)ရုံတည်ဆောက်ခြင်း | ထရန်စဖော်မာ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံပစ္စည်းများဝယ်ယူရန် စာချုပ်ချုပ်ဆိုပြီးဖြစ် |

## ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်နိုင်မှု



ဆိုလာမီးတပ်ဆင်ခြင်း

(၉၃၅၄)စုံ

ကျေးလက်မီးလင်းရေး (NEP) စီမံကိန်းဖြင့် (၁၆)မြို့နယ်ရှိ ကျေးရွာ(၂၄၆) ရွာတွင် တစ်အိမ်သုံးဆိုလာစနစ်၊ အများသုံးဆိုလာစနစ်နှင့် လမ်းမီးတို့အတွက် တပ်ဆင်ခြင်းလုပ်ငန်း စုစုပေါင်း(၁၁၈၀၁)စုံကို တပ်ဆင်လျက်ရှိရာ ယခင် ဘဏ္ဍာရေးနှစ်အတွင်း ဆိုလာအစုံရေ(၉၃၅၄)စုံအား ပို့ဆောင်တပ်ဆင်ခြင်း လုပ်ငန်း (၆၁%) ပြီးစီးခဲ့ပြီး ယခုအစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ရန်ကျန် လုပ်ငန်း(၃၉%)ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် (၁၀၀%)ပြီးစီးပြီဖြစ်ပါသည်။

## အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တင်ဒါအောင်မြင်ပြီး ငွေကျပ်(၁၃၉၇.၁၈၇) သန်းဖြင့် မြို့နယ်(၅) မြို့နယ်ရှိ ကျေးရွာအုပ်စု(၁၄)စု၊ ကျေးရွာ(၁၈)ရွာအတွက် ကျေးလက်အိမ်ရာ(၂၀၀)လုံး တည်ဆောက် လျက်ရှိရာ လုပ်ငန်းအားလုံး၏ (၈၄ %) ဆောင်ရွက်ပြီးဖြစ်ပါသည်-

| မြို့နယ် | ကျေးရွာအရေအတွက် | ကျေးလက်အိမ်ရာအရေအတွက် |
|---|---|---|
| ဘူးသီးတောင် | ၁ | ၂၄ လုံး |
| သံတွဲ | ၄ | ၄၀ လုံး |
| တောင်ကုတ် | ၅ | ၃၃ လုံး |
| ဗွ | ၇ | ၈၃ လုံး |
| ရမ်းဗြဲ | ၁ | ၂၀ လုံး |




ကျေးလက်အိမ်ရာ

(၂၀၀)လုံး

(၈၄ %) ပြီးစီး

## ရေရရှိရေး






ကျေးလက်ဒေသ

ရေရရှိရေးလုပ်ငန်း(၈၀)ခု

ဆောင်ရွက်ပြီးစီးမှု

## မြစိမ်းရောင်ကျေးရွာစီမံကိန်း

မြစိမ်းရောင်ကျေးရွာစီမံကိန်း တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် စီမံကိန်းယူနစ် (၁၁)ယူနစ်/ကျေးရွာ (၁၃)ရွာ အတွက်(၁)ယူနစ်လျှင် ငွေကျပ်သန်း(၃၀)နှုန်းဖြင့် ကျေးရွာသူ/ သားများအား ရန်ပုံငွေ ကျပ်သန်း (၃၃၀) ထုတ်ချေးခဲ့ပါသည်။



(၁)ယူနစ်ကျပ်သန်း(၃၀)နှုန်း

ကျေးရွာသူ/သားများအား

ကျပ်သန်း(၃၃၀)ထုတ်ချေး

## စက်ပစ္စည်းများ အစားထိုးသုံးစွဲခြင်း


စက်ယန္တရားများဖြင့် ဆောင်ရွက်ပေးခဲ့သည့် ထွန်ယက်၊ ရိတ်သိမ်းမှုများမှာ -

တောင်သူများသို့လက်တွန်းထွန်စက်(၈၄)စီးလက်ငင်း/အရစ်ကျ ငွေချေစနစ်ဖြင့် ငွေကျပ်(၆၂.၉၄၀)သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။

- ထွန်ယက်ခြင်း - (၂၈၄၅) ကေလွာ
- ရိတ်သိမ်း ခြွေလှေ့ခြင်း - (၃၄၂၈) ကေလွာ

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

မြို့နယ်(၁၃)မြို့နယ်၊ ကျေးရွာ(၁၈၇)ရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင် ဆောင်ရွက်မှုအခြေအနေ




## လူထုဗဟိုပြုစီမံကိန်း

ဌမြို့နယ်ရှိ ကျေးရွာအုပ်စု (၈)အုပ်စု၊ ကျေးရွာ(၁၈)ရွာ → ပထမနှစ်စီမံကိန်းစက်ဝန်းအတွက်လမ်းတံတား(၃)ခု ဆောင်ရွက်ခဲ့ပြီး၊ ဒုတိယနှစ်စီမံကိန်းစက်ဝန်းအတွက် လမ်း/တံတား(၁၄)ခု၊ စာသင်ကျောင်း(၁)ကျောင်း၊ရေပေးရေး(၁)ခု၊ စုစုပေါင်းလုပ်ငန်း (၁၆)ခု ဆောင်ရွက်ပြီးဖြစ်ပါသည်။

ပုဏ္ဏားကျွန်းမြို့နယ်ရှိကျေးရွာအုပ်စု(၄၃)အုပ်စု၊ ကျေးရွာ(၇၀)ရွာ → လမ်း/တံတား(၆၃)ခု၊ ရေပေးရေး(၄)ခု၊ အခြားလုပ်ငန်း (၃)ခု စုစုပေါင်း (၇၀)ခု ဆောင်ရွက်ပြီး ဖြစ်ပါသည်။

## အရည်အသွေးပြည့်မီသည့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များဖြန့်ဝေပေးခြင်းနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြု၍ စိုက်ပျိုးခြင်း

**မျိုးစေ့ထုတ်စိုက်ခင်း**

ဆောင်းမြေပဲ(၇၁)ဧကနှင့် ပဲတီစိမ်း(၆၁)ဧက၊ မတ်ပဲ(၁၂.၅)ဧက၊ နှမ်းစပါး (၂၀)ဧက

**မျိုးသန့်စိုက်ပျိုးရေးဇုန်များထူထောင်ခြင်း**

ဟင်းသီးဟင်းရွက်(၁၇)ဧက၊ မြေပဲ (၃၁၇)ဧက၊ ဘိုကိတ်(၂၀)ဧက၊ မတ်ပဲ (၅)ဧက၊ ဆီမုံညှင်း(၂၀၀)ဧက၊ အာလူး (၁၁၀)ဧကနှင့် ငရုတ် (၅၀)ဧက

**မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များဖြန့်ဖြူးခြင်း**

နေကြာ(၀.၀၁)တင်း၊ ဆီမုန်ညှင်း(၅.၄၂)တင်း၊ နှမ်း(၀.၂၈)တင်း၊ နှမ်းစပါး(၁၅)တင်းနှင့် မြေပဲ(၆)တင်း

**သုတေသန စမ်းသပ်ကွက်**

စပါးအပြီး သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် သင့်တော်သည့် သီးထပ်သီးနှံပုံစံရှာဖွေဖော်ထုတ်နိုင်ရန်နှင့် သီးထပ်သီးနှံများ၏ သင့်တော်သောစိုက်ချိန်ကို ရှာဖွေဖော်ထုတ်နိုင်ရန် စမ်းသပ်ခြင်း (၃)ဧက

**ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများအား ကြီးကြပ်စစ်ဆေးခြင်း**

မြေဩဇာအရောင်းဆိုင်စစ်ဆေးခြင်း(၄၆)ကြိမ်၊ ပိုးသတ်ဆေးအရောင်းဆိုင်စစ်ဆေးခြင်း(၄၆)ကြိမ်နှင့် မျိုးစေ့အရောင်းဆိုင်စစ်ဆေးခြင်း (၈)ကြိမ်

## နည်းပညာပေး စံပြကွက်

နွေစပါး(တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း-Seeder)(၁၀)ကေ၊ နွေစပါး (Box စနစ်ဖြင့် စိုက်ပျိုးခြင်း-Raised Bed )(၃၅)ကေ၊ နွေစပါး(စပါးအစွမ်းဖွင့်စိုက်နည်းစနစ်)(System of Rice Intensification-SRI)(၁၀)ကေ၊ ဆောင်းမြေပဲ(၂၄၅)ကေ၊ နေကြာ (၁၀)ကေ၊ မတ်ပဲ(၁၇၂)ကေ၊ ပဲတီစိမ်း(၇၇)ကေ၊ ဘိုကိတ်(၉၆)ကေ၊ ဆီမုန်ညှင်း(၈၉)ကေ၊ ဟင်းသီး ဟင်းရွက် (၁၂)ကေ၊ ကြံ(၁၃)ကေ၊ သီဟိုဠ်(၂၀)ကေ၊ ရာဘာ(၁၅)ကေ၊ ဆောင်းမြေပဲတွင် ကျောက်မှုန့်ထည့်သွင်းခြင်း(၃)ကေ၊ မတ်ပဲတွင် ယူရီးယား+လက်ချားမြေဩဇာ ပက်ဖြန်းခြင်း(၂)ကေနှင့်ပဲတီစိမ်း၊ မတ်ပဲ(အဝါရောင်မို့ရောဂါ-Yellow Mosaic)ရောဂါကာကွယ်ရေး(၃)ကေ

## စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးဝန်ဆောင်မှုလုပ်ငန်း

### ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များအသုံးပြုခြင်းဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်ခြင်း

| သင်တန်းအမည် | ကြိမ်ရေ | ကျား | မ | ပေါင်း |
|---|---|---|---|---|
| ဝန်ထမ်းစွမ်းဆောင်ရည်သင်တန်း | ၄ | ၇၀ | ၃၁ | ၁၀၁ |
| တောင်သူပညာပေးသင်တန်း | ၄၆ | ၁၇၇၁ | ၅၈၇ | ၂၃၅၈ |
| လယ်ယာသုံးစက်ကိရိယာမောင်းနှင်မှုသင်တန်း | ၂ | ၆၀ | - | ၆၀ |
| စုစုပေါင်း | ၅၂ | ၁၉၀၁ | ၆၁၈ | ၂၅၁၉ |

### MSME လုပ်ငန်းရှင်များအား ချေးငွေထုတ်ချေးခြင်း

| | |
|---|---|
| မြေနှင့်အဆောက်အဦအာမခံယူ၍ ချေးငွေ | (၁.၀၅၄) ဘီလီယံ(လုပ်ငန်းရှင် ၃၃ ဦး) |
| JICA  MSME Two Step Loan အစီအစဉ်ဖြင့် ချေးငွေ | (၀.၂၀၀) ဘီလီယံ(လုပ်ငန်းရှင် ၁ ဦး) |

### စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်း

| | |
|---|---|
| JICA Two Step Loan ဖြင့် ချေးငွေ | (၁၃၁၆.၆၀၀) သန်း (တောင်သူ ၂၉ ဦး) |
| ဆောင်းချေးငွေ | (၅၂၀.၃၀၀ )သန်း |

### စိုက်ပျိုးရေး အသိပညာပေးခြင်း

| | |
|---|---|
| ဆောင်းသီးနှံကွင်းပြပွဲ | ( ၁၁ ) ကြိမ် |
| စိုက်ပျိုးရေးနည်းပညာဆိုင်ရာပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း | (၆၁၉၅) စောင် |

### ခွေးရူးရောဂါကာကွယ်ဆေးထိုးခြင်း

| မြို့နယ် | တိရစ္ဆာန်အမျိုးအမည် | | စုစုပေါင်း |
|---|---|---|---|
| | ခွေး | ကြောင် | |
| ကျောက်ဖြူ | ၁၁၄၉ | ၂၉၅ | ၁၄၄၄ |
| သံတွဲ | ၁၂၃၂၅ | ၆၃၈၁ | ၁၈၇၀၆ |
| စုစုပေါင်းကောင်ရေ | ၁၃၄၇၄ | ၆၆၇၆ | ၂၀၁၅၀ |

## ဆည်မြောင်း၊ တာတမံများ ပြုပြင်တည်ဆောက်ခြင်း

အစီရင်ခံသည့်ကာလအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ်သန်း (၁၉,၇၇၃.၉၄၅)ဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများဖြစ်သည့် ရေငန်တားတာများ၊ ကွန်ကရစ်ရေတံခါး၊ လယ်သမားတာများ၊ လျှိုပိတ်ဆည်များ၊ ချောင်းတူးဖော်ခြင်းနှင့် ဆည်/ကန် ကန်ရေလှောင်တမံများ တည်ဆောက်ပြုပြင်ခြင်းနှင့် ဆက်စပ် အဆောက်အဦများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း(၁၄၃)ခုတွင် (၇၃)ခု သည် (၁၀၀ %)ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသည်။



ပုဏ္ဏာကျွန်းမြို့နယ်၊ ကံချောင်းရေခမ်းချောင်း ပိတ်ဆို့ခြင်း၊ လယ်သမားတာပုံစံကျပြုပြင်ခြင်း နှင့် ကွန်ကရစ်ရေတံခါးတည်ဆောက်ခြင်း

**ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့်-**

ယခင်အစီရင်ခံသည့်ကာလအတွင်း ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ပြီး ယခုအစီရင်ခံသည့်ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

| လုပ်ငန်းအမည် | ဆောင်ရွက်ပြီးစီးမှု |
|---|---|
| ပေါက်တောမြို့နယ်၊ ဆင်တက်မော်ကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၇၅% |
| မင်းပြားမြို့ ရေလွှဲရေကာတည်ဆောက်ခြင်းလုပ်ငန်း | ၂၈% |
| ကန်စောက်ကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၈၂% |
| ရသေ့တောင်မြို့၊ မြင်းကန်ချောင်း ချောင်းဖြတ်ဖောက်ခြင်း | ၉၂% |
| သံတွဲမြို့၊ ဇီးကျွန်းကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၃၂% |
| တောင်ကုတ်မြို့၊ လက်ပံကျွန်းကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၅၀% |
| မာန်အောင်မြို့၊ ပြားကြီးကျေးရွာ ကမ်းပြို ကာကွယ်ရေး | ၂၅% |
| မာန်အောင်မြို့ ရေမျက်ဝကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၅၀% |

## သစ်တောပြုစုထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း

**သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မှုများမှာ**

| | | | |
|---|---|---|---|
| ခမ္မတာမျိုးဆက်ခြင်း | ၅၂၅ ဧက | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ | ၂၀ ကြိမ် |
| ပင်ကျပ်နှုတ်ခြင်း | ၇၅၀ ဧက | ကွင်းဆင်းစစ်ဆေးခြင်း | ၄၀ ကြိမ် |
| သစ်တောမှုဖမ်းဆီးအရေးယူခြင်း | ၁၄၁ မှု | စုပေါင်းအမှိုက်ကောက်ခြင်း | ၁ ကြိမ် |
| သစ်တောလမ်းပြင်ဆင်ခြင်း | ၂၀ မိုင် | အကွယ်နယ်နိမိတ်ပြင်ဆင်ခြင်း | ၈၀ မိုင် |
| ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း | ၉၀ မိုင် | မီးကာကွယ်ခြင်း | ၁၀၂၅ ဧက |

## နိုင်ငံသားဖြစ်မှု

| | |
|---|---|
| အသက် (၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်း | ၁၂ ဦး |
| အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်း | ၂၄ ဦး |

မောင်တော၊ စစ်တွေ၊ ကျောက်ဖြူ၊ အမ်းမြို့နယ်များရှိ ရပ်ကွက်/ကျေးရွာများ၊ သက္ကယ်ပြင် IDP စခန်း၊ ကျောက်တစ်လုံး IDP စခန်း၊ သဲချောင်းစခန်း၊ စစ်တွေရေမျောဒုက္ခသည်စခန်းနှင့် ငါးခူရ ပြန်လည်လက်ခံရေးစခန်းတို့တွင် NV Card ထုတ်ပေးခြင်းနှင့် Biometric Data စနစ်ဖြင့် မှတ်တမ်းတင်ခြင်းတို့ကို အောက်ပါအတိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-

| | |
|---|---|
| NV Card ထုတ်ပေးခြင်း | ၂၅၁၃ ဦး |
| Biometric ဆောင်ရွက်ခြင်း | ၂၈၈၅ ဦး |

## လွတ်လပ်စွာသွားလာခွင့်

ယခုအစီရင်ခံသည့်ကာအတွင်း ရခိုင်ပြည်နယ်မှ ယာယီခရီးသွားလာခွင့်ပုံစံ(၄)ဖြင့် ကျား(၁၁၂)ဦး၊ မ(၅၇)ဦး၊ စုစုပေါင်း(၁၆၉)ဦးကို ကရင်ပြည်နယ်၊ ရန်ကုန်နှင့် မကွေးတိုင်းဒေသကြီးတို့သို့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အစည်းအဝေးနှင့် သင်တန်းကိစ္စရပ်များအတွက်အောက်ပါအတိုင်း ခရီးသွားလာခွင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-



| ပုံစံ(၄)ဖြင့် ခရီးသွားလာခွင့်ပြုခြင်း | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| အမျိုးသားမှတ်ပုံတင်သက်သေခံကတ်- အမတ ကိုင်ဆောင်သူ | ၃၀ | ၁၃ | ၄၃ |
| NVC ကိုင်ဆောင်သူ | ၈၂ | ၄၄ | ၁၂၆ |

## IDP ကိစ္စရပ်များ


IDP camp တန်ဖိုးနည်းနေအိမ်ဆောင်ရွက်ပြီးစီးမှု

- မြေပုံမြို့ တောင်ပါ် IDP စခန်းပိတ်သိမ်းပြီး ပြန်လည်နေရာချထားပေးနိုင်ရေးအတွက် တည်ဆောက်ခဲ့သော အိမ်အလုံး (၄၀၀)မှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပြီး၊ အိမ်ရာ (၂၄၂)လုံးကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောက်လုပ်ပေးလျက်ရှိရာ အိမ်ရာ(၁၈၈)လုံး ပြီးစီးပြီဖြစ်ပါသည်။


ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDP စခန်းရှိ ကော်မတီအဖွဲ့ဝင်များ၊ ပြည်တွင်း နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံ ဆွေးနွေးခြင်း

- ရခိုင်ပြည်နယ်အတွင်းပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး၊ IDPစခန်းများပိတ်သိမ်းရန်နှင့် ကျောက်ဖြူ ကျောက်တစ်လုံး IDP စခန်းပိတ်သိမ်းနိုင်ရေးအတွက် (၃-၂-၂၀၂၀) ရက်နေ့တွင် ကွင်းဆင်းညှိနှိုင်းဆွေးနွေးခဲ့ပြီး၊ (၁၇-၃-၂၀၂၀) ရက်နေ့မှ (၁၈-၃-၂၀၂၀) ရက်နေ့အထိ ဌာနဆိုင်ရာ တာဝန်ရှိသူများ ကျောက်တစ်လုံး IDP စခန်း၏ အခြေအနေနှင့် ပြန်လည်နေရာချထားမည့်နေရာတို့အား ကွင်းဆင်းလေ့လာ၍ မဟာဗျူဟာ လုပ်ငန်းစဉ်များနှင့်အညီ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

- ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာနှင့်အညီ စခန်းများပိတ်သိမ်းနိုင်ရေးအတွက် စီမံချက်များ စနစ်တကျရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီမံချက်လမ်းညွှန်ရေးဆွဲနိုင်ရေး အတွက် ဌာနဆိုင်ရာများ၊ ဆွစ်ဇာလန်နိုင်ငံမှ International Consultant, Prf. Walter Kaelin နှင့်အတူ ညှိနှိုင်းအစည်းအဝေးကို (၂၀-၂-၂၀၂၀) ရက်နေ့တွင် နေပြည်တော်၌ ကျင်းပခဲ့ပါသည်။

- ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို မတ်လ(၁၅)ရက်နေ့တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး လုပ်ငန်းတာဝန်များအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပြန်လည်နေရာချထားရေး၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို အစီရင်ခံတင်ပြရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

- IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး ဆောင်ရွက်ထားရှိမှုများ၊ ပံ့ပိုးကူညီမှုများ၊ စီမံချက်ရေးဆွဲရေးနှင့် စီမံချက်အကောင်အထည်ဖော် ခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများကို မတ်လ(၂၄)၊ ဧပြီ(၁၄)၊ (၁၅)၊ (၁၉)ရက်နေ့တို့တွင် ကျင်းပခဲ့ ပါသည်။

## လူသားချင်းစာနာထောက်ထားသည့်အကူအညီများပေးနိုင်မှု



ကိုယ်ဝန်ဆောင်မိခင်များနှင့်၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်း

ရခိုင်ပြည်နယ်၊ မြို့နယ်(၁၇)မြို့နယ်ရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသောအသက်(၂)နှစ်အောက် ကလေးသူငယ်များအား(၁)လလျှင် ကျပ်(၁၅,၀၀၀)နှုန်းဖြင့် (၁၃၈၄၈၂)ဦး အတွက် ထောက်ပံ့ငွေကျပ်သန်းပေါင်း (၆,၀၄၃.၁၄၀)သန်း ထောက်ပံ့ပေးခဲ့ပါသည်။



အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ပေးခြင်း

အသက်(၈၅)နှစ်နှင့်အထက် ဘိုး/ဘွား(၁၀၅၈၈)ဦးကို (၁)လလျှင် ကျပ်(၁၀,၀၀၀)နှုန်းဖြင့် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ်သန်းပေါင်း(၃၁၇.၆၄၀)သန်း ထောက်ပံ့ပေးခဲ့ပါသည်။



ကလေးပျော်နေရာ (၄)ခုတွင် ပစ္စည်းများထောက်ပံ့ပေးခြင်း

ရခိုင်ပြည်နယ်အတွင်း ကလေးပျော်နေရာ (၄)ခုအား ဖွင့်လှစ်ထောက်ပံ့ခဲ့ပါသည်။လိုအပ်ပါက(၁၅)ခု ထပ်မံထောက်ပံ့နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

- စစ်တွေမြို့နယ်နှင့်ဘူးသီးတောင်မြို့နယ်တို့ရှိ တိုက်ပွဲရှောင်စခန်းများနှင့် Quarantine Site များ၌ လက်ဆေးဆပ်ပြာများ၊ Mask များ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေး ပိုစတာများကပ်ခြင်း၊ COVID-19 အသိပညာပေးဟောပြောခြင်း၊ Hand Speaker ဖြင့် အသိပညာပေးခြင်းနှင့် COVID-19 စိတ်ဓာတ်ရေးရာ မြှင့်တင်မှုဆိုင်ရာဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။
- စစ်တွေမြို့နှင့်ကျောက်ဖြူမြို့ရှိ တိုက်ပွဲရှောင်စခန်းများ၊ IDP စခန်းများနှင့် Facility Quarantine နေရာများရှိ အိမ်ထောင်စု စုစုပေါင်း(၁၇၃၅၅)စုနှင့် လူဦးရေး (၂၂၈)ဦးတို့အတွက် ဆပ်ပြာ(၁၇၅၈၃) တောင့်၊ နှာခေါင်း စည်း(၂၅၂၀၀)ခု၊ ကိုယ်အပူချိန်တိုင်းကိရိယာ(၁၆)ခုနှင့် လက်ဆေးစင်များကို ထောက်ပံ့ပေးခဲ့ပါသည်။



တိုက်ပွဲရှောင်စခန်းတွင် အခြေခံအသုံးအဆောင်ပစ္စည်းများထောက်ပံ့ခြင်း

- ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်နေရပ်စွန့်ခွာသူများအတွက် စစ်တွေမြို့၊ အိန္ဒိယဆိပ်ကမ်းသို့လှောင်ရုံ၌ အိန္ဒိယနိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ(၂၃၅၄၅၆)တန်ဖိုးရှိသော ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်း (Relief Aid Bag) (၂၀,၀၀၀)ကို ဇန်နဝါရီလ(၂၀)ရက်နေ့က လွှဲပြောင်းပေးအပ်ခဲ့ပါသည်။
- (၁-၁-၂၀၂၀)ရက်နေ့မှ(၃၀-၄-၂၀၂၀)ရက်နေ့အထိ မိမိအစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်လာသူ(၁၁)ဦးအတွက် စုစုပေါင်း(၁,၀၈၄,၆၀၀)တန်ဖိုးရှိ စားနပ်ရိက္ခာ(ဆန်၊ ဆီ၊ ဆား၊ ပဲ)များအား ထောက်ပံ့ပေးခဲ့ပါသည်။



ဘင်္ဂလားဒေ့ရှ်မှ ပြန်လည်ဝင်ရောက်လာသူများအား လှဖိုးခေါင်ယာယီနေရာချထားရေးစခန်းတွင် စားနပ်ရိက္ခာ ထောက်ပံ့ပေးခြင်း

- အစီရင်ခံသည့်ကာလအတွင်း တိုက်ပွဲရှောင်များအတွက် ငွေကျပ်(၁,၂၇၅)သန်း ကျော်တန်ဖိုးရှိ စားနပ်ရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ကြေးငွေများအား ပံ့ပိုးပေးခဲ့ပါသည်။
- စစ်တွေမြို့နှင့်ဘူးသီးတောင်မြို့နယ်တို့ရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအားဆန်(၇၉၅)အိတ်နှင့်ထောက်ပံ့ပစ္စည်းများကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။ ဘူးသီးတောင်မြို့နယ်အတွင်းရှိ လက်နက်ကြီးကျရောက်မှုကြောင့် ဒဏ်ရာရရှိခဲ့ကြသော ကျောင်းသား/သူ(၁၇)ဦးအတွက်စုစုပေါင်းကျပ်(၈၅၀,၀၀၀)၊ အားဆေးနှင့် အခြားထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က တိုက်ပွဲရှောင်များအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း (၁၉-၅-၂၀၂၀)ရက်နေ့

- ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်(၁၇)မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများကို အခြေခံစားသောက်ကုန်(၅)မျိုး ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်များအား (၁၀-၄-၂၀၂၀)ရက်နေ့တွင် စတင်၍ အိမ်ထောင်စုတစ်စုလျှင် ဆန်(၈)ပြည်၊ ဆီ(၅၀) ကျပ်သား၊ ဆား(၅၀)ကျပ်သား၊ ပဲတစ်ပိဿာနှင့် ကြက်သွန်နီတစ်ပိဿာတို့ကို ထောက်ပံ့ပေးခဲ့ရာ (၁၅-၄-၂၀၂၀)ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။

## သတင်းယူခွင့်

| | |
|---|---|
| ရုပ်မြင်သံကြားမှသတင်းထုတ်လွှင့်မှု | ၁၂၄ ကြိမ် |
| အစီအစဉ် | ၄၉ ကြိမ် |
| ရေဒီယိုအစီအစဉ်မှသတင်းထုတ်လွှင့်မှု | ၂၄၅၃ ကြိမ် |
| တွေ့ဆုံမေးမြန်းမှု | ၁၀ ကြိမ် |
| အသိပညာပေးထုတ်လွှင့်မှု | ၃၃၅ ကြိမ် |
| PSA | ၃၉၄ ကြိမ် |
| Website တွင် သတင်းဖော်ပြမှု | ၆၁ ကြိမ် |
| ဗီဒီယို | ၄ ကြိမ် |
| သတင်းထုတ်ပြန်ချက် | ၃ ကြိမ် |
| Websiteတွင် ဓာတ်ပုံဖော်ပြမှု | ၅၁ ကြိမ် |
| ညှိနှိုင်းအစည်းအဝေးသတင်းဖော်ပြမှု | ၄၁ ကြိမ် |
| ညှိနှိုင်းအစည်းအဝေးသတင်းဓာတ်ပုံ | ၃၈ ကြိမ် |
| သတင်းထုတ်ပြန်မှု | ၁၃၉ ကြိမ် |
| သတင်းထုတ်ပြန်မှုဓာတ်ပုံ | ၁၂၀ ကြိမ် |

ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာ(၂၇)ဦး ပါဝင်သောအဖွဲ့သည်(၂)ကြိမ် သတင်းရယူနိုင်ခဲ့ပါသည်။



မောင်တောမြို့နယ် ကျေးရွာများ၌ မြေပြင်သတင်းရယူခြင်း (၂၉-၁-၂၀၂၀)ရက်နေ့မှ(၃၁-၁-၂၀၂၀)ရက်နေ့အထိ




ဘူးသီးတောင်မြို့နယ်ရှိ တိုက်ပွဲရှောင်စခန်း၌ သတင်းရယူခြင်း (၂၇-၂-၂၀၂၀)ရက်နေ့မှ(၂၉-၂-၂၀၂၀)ရက်နေ့အထိ

## ပညာရေး

- IDP စခန်း ၄၅ ခုတွင် ပညာသင်ကြားလျက်ရှိသော Volunteer Teacher (၅၉၄) ဦးကို လစာငွေ ပံ့ပိုးလျက်ရှိပါသည်။ သင်ရိုးသစ်သင်တန်းများဖြစ်သော Grade-4၊ Grade-7 နှင့် Grade-10 သင်ရိုးသစ်သင်တန်းများကို ဗဟိုအဆင့်တွင် ကျင်းပပေးခဲ့ပါသည်။

- ကျောင်းများရှိ ကျောင်းထောက်ပံ့ကြေးနှင့် ပညာသင်ထောက်ပံ့ကြေးခွဲဝေသုံးစွဲသည့် အခြေအနေအား Application (ODK) အသုံးပြု၍ ကောက်ယူသည့် လုပ်ငန်းအား ပြည်နယ်အဆင့် ဆင့်ပွားသင်တန်း ပြုလုပ်ပေးခဲ့ပါသည်။
- စစ်တွေတက္ကသိုလ်တွင် 3 Phase 5 Wire မီးလိုင်းဆွဲခြင်းလုပ်ငန်း၊ မြေသားကျောက်ချောလမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ အုတ်မြစ်စည်းရိုးကာရံခြင်းလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ပါသည်။
- တောင်ကုတ်ဒီဂရီကောလိပ်တွင် (၁၆၀)ဦးဆံ့ ကျောင်းသား/သူ အိပ်ဆောင်(၂)ထပ်(၁)လုံး၊ (၃)ထပ်စာသင်ဆောင်(၁)လုံး၊ (၆)ခန်းတွဲ (၁)ထပ် စားသောက်ဆိုင်၊ တက္ကသိုလ်ဝန်းအတွင်း ကျောက်ချောလမ်းတည်ဆောက်ခြင်းနှင့် Box Culverts-5-Nos တည်ဆောက်ခြင်းလုပ်ငန်းများအတွက် မြေနေရာရှင်းလင်းခြင်း၊ မြေတူးခြင်း၊ တာမြေခင်းခြင်းနှင့် Hand Care လုပ်ငန်းများ ဆောင်ရွက်နေပါသည်။
- နည်းပညာတက္ကသိုလ်(စစ်တွေ)တွင် နယ်ဝေးကျောင်းသားများအတွက်(၁၆၀)ဆန့် ကျောင်းသားအိပ်ဆောင်အားတည်ဆောက်လျက်ရှိရာ (၅.၂၇%) ပြီးစီးပြီဖြစ်၍ တည်ဆောက်လျက် ရှိသော (၃)ထပ်စာသင်ဆောင်သစ်မှာ (၉၇ %) ပြီးစီးပြီဖြစ်ပါသည်။
- ရခိုင်ပြည်နယ်ရှိ ဖွင့်လှစ်ထားသော တိုင်းရင်းသားသီးသန့်ကျောင်း၊ မွတ်စလင်ဘာသာဝင်သီးသန့်ကျောင်း၊ တိုင်းရင်းသားနှင့် မွတ်စလင်ဘာသာဝင်ရောနှောနေသော ကျောင်းများတွင် မူလတန်းအဆင့်၊အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား/သူများကို ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးခုံ(အနိမ့်) ၂၁၁၆စုံနှင့် စာရေးခုံ(အမြင့်) ၈၅၉၂စုံတို့ကို ထောက်ပံ့ပေးခဲ့ပါသည်။



- 

  ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ဖြင့် မြို့နယ် (၁၀)မြို့နယ်ရှိ စခန်း(၅၂)ခု မှ ကျောင်းသား(၄၇၈)ဦး၊ ကျောင်းသား(၄၂၂)ဦးစုစုပေါင်း(၉၀၀)ဦးကို မူလတန်းပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။
- ၂၀၁၉-၂၀၂၀ ပညာသင်နှစ် စစ်တွေတက္ကသိုလ်၊ စစ်တွေသင်္ကြေပြင်ကုန်း စာစစ်ဌာနခွဲမှ ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာလေ့လာရေးအဖွဲ့ (Center for Diversity and National Harmony-CDNH) ပညာသင်ထောက်ပံ့ကြေးရရှိသော မွတ်စလင်ဘာသာဝင် ကျောင်းသား/သူများထဲမှ နိုင်ငံသားပြုခွင့်ရသူ(၂)ဦး၊ NVC ကိုင်ဆောင်သူ(၄၃)ဦး၊ စုစုပေါင်း(၄၅)ဦးကိုလည်း ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ ကျောင်းပြောင်းရွှေ့ ဆောင်ရွက်ထားပြီးဖြစ်ပါသည်။
- ၂၀၂၀ ပြည့်နှစ် တောင်ကုတ်ဒီဂရီကောလိပ်အဝေးသင် သင်တန်းများအား ကျောင်းဝင်မှတ်ပုံတင်လက်ခံခြင်းများ အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်-

| ကမန်ကျောင်းသား/သူ | ပထမနှစ် (၈၂)ဦး | ဒုတိယနှစ် (၄၀)ဦး | တတိယနှစ် (၃၅)ဦး | စုစုပေါင်း (၁၅၇)ဦး |
|---|---|---|---|---|

## ကျန်းမာရေး

**(၁၆) ခုတင်ဆံ့ သင်္ဘောပြင်တိုက်နယ်ဆေးရုံသစ်ကို တည်ဆောက်ပြီးဖြစ်၍ ဆေးရုံလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်စေရန်(၁၇-၂-၂၀၂၀)ရက်နေ့မှစတင်၍ အောက်ပါအတိုင်းဆောင်ရွက်လျက်ရှိပါသည်-**

- စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးမှလက်ထောက်ဆရာဝန်(၁)ဦးနှင့်သူနာပြုဆရာမ(၁)ဦး၊
- စစ်တွေမြို့နယ် ကျန်းမာရေးဌာနမှ သူနာပြုဆရာမ(၁)ဦး၊
- ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်) အစီအစဉ်ဖြင့် ရွှေ့လျားကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေလွှတ်ထားသည့်လက်ထောက်ဆရာဝန်(၁)ဦးနှင့် အမျိုးသားသူနာပြု(၂)ဦး သင်္ဘောပြင်တိုက်နယ်ဆေးရုံသို့ တွဲဖက်တာဝန်ချထားပေးလျက်ရှိပါသည်။
- သင်္ဘောပြင်ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Mercy Malaysia အဖွဲ့မှ ဆရာဝန်(၄)ဦး၊ သူနာပြု(၂)ဦးနှင့် အခြားဝန်ထမ်းများမှလည်း တိုက်နယ်ဆေးရုံတွင် အားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။
- ကုသရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ သင်္ဘောပြင် တိုက်နယ်ဆေးရုံအတွက် စံကိုက် တိုက်နယ်ဆေးရုံသုံးပစ္စည်း(၂၃)မျိုးအား ထောက်ပံ့ပို့ဆောင်ထားပြီး ဖြစ်ပါသည်။

### သွေးလှူဘဏ်များတည်ဆောက်ခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထိုင်းနိုင်ငံကြက်ခြေနီအသင်း၏ ပံ့ပိုးမှုဖြင့် ဘူးသီးတောင်မြို့နယ် ဆေးရုံရှိသွေးလှူဘဏ်ငယ်အဆောက်အဦသစ်တွင် လိုအပ်သော ရေ/မီး ရရှိနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။ သွေးလှူဘဏ်ငယ်အတွက် လိုအပ်သောပစ္စည်းများကို JICA အဖွဲ့မှ လှူဒါန်းထားရှိပြီးဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်းက ဘူးသီးတောင်ဆေးရုံမှ တာဝန်ခံဆရာဝန်တစ်ဦးနှင့် ဓာတ်ခွဲကျွမ်းကျင်တစ်ဦးတို့အား ရန်ကုန်အမျိုးသားသွေးဌာနတွင် သွေးလှူဘဏ်ဆိုင်ရာ နည်းပညာရပ်များကို သင်ကြားပို့ချပြီး ဖြစ်ပါသည်။




ဘူးသီးတောင်ပြည်သူ့ဆေးရုံ သွေးလှူဘဏ်ငယ်
Machines and Equipments



မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ တိုက်နယ်/ကျေးလက်ကျန်းမာရေးဌာနများ၊ မြို့နယ်ကြက်ခြေနီနှင့် NGOs ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းတို့မှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကုသမှုများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ညမထွက်ရ အမိန့်(ပုဒ်မ-၁၄၄)ထုတ်ပြန်ထားသော်လည်း ကျန်းမာရေးအရ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူး(သို့)ခရိုင်အုပ်ချုပ်ရေးမှူး ထံတင်ပြစေပြီးငင်းတို့မှ သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့များနှင့်ညှိနှိုင်းပြီး ပြည်သူ့ဆေးရုံကြီးများသို့ ပို့ဆောင်ကုသပေးလျက်ရှိပါသည်။



ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့မှုဖြင့် မောင်တောမြို့နယ် ပြည်သူ့ဆေးရုံအဆောက်အအုံသစ်နှင့် ဆက်စပ်ပစ္စည်းများအတွက် အမေရိကန်ဒေါ်လာ (၄၈၀,၀၀၀)ခန့် ပေးအပ်ထောက်ပံ့မည့် သဘောတူစာချုပ်ကို (၂၄-၃-၂၀၂၀)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

မောင်တောမြို့နယ်ဆေးရုံကို ခုတင်(၅၀)ဆံ့မှ ခုတင်(၁၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်မည်ဖြစ်ပြီး ဂျပန်နိုင်ငံမှ အလှူငွေဖြင့် ဆေးရုံ၏ ပြင်ပလူနာဆောင်၊ အရေးပေါ်လူနာဆောင်နှင့် အထူးကြပ်မတ်ကုသဆောင် ဆောက်လုပ်ခြင်းနှင့် လိုအပ်သော ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းတို့ကို တစ်နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

## ကျန်းမာရေးဝန်ထမ်းများသင်တန်းပေးမှုအခြေအနေ

| စဉ် | သင်တန်းအမည် | တိုင်းရင်းသား ဦးရေ | မွတ်စလင် ဘာသာဝင်ဦးရေ | စုစုပေါင်း ဦးရေ |
|---|---|---|---|---|
| ၁ | အရန်သားဖွား (သစ်လွင်) | ၂၀ | - | ၂၀ |
| ၂ | အရန်သားဖွား (မွမ်းမံ) | - | - | - |
| ၃ | လူထုကျန်းမာရေးလုပ်သား (သစ်လွင်) | ၈ | ၁၀ | ၁၈ |
| ၄ | လူထုကျန်းမာရေးလုပ်သား (မွမ်းမံ) | - | ၄၀ | ၄၀ |
| | စုစုပေါင်း | ၂၈ | ၅၀ | ၇၈ |


- အာဟာရကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကို မြို့နယ် (၁၇)မြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်းများအား (၂၁-၂-၂၀၂၀)ရက်နေ့တွင် တစ်ကြိမ်၊ (၂၄-၂-၂၀၂၀)ရက်နေ့တွင် တစ်ကြိမ်ဖြင့် ပို့ချခဲ့ပါသည်။
- မြို့နယ် (၁၇)မြို့နယ်မှ Nutrition Focal အခြေခံဝန်ထမ်း(၂)ဦးစီဖြင့် (၂၃-၂-၂၀၂၀) ရက်နေ့မှ (၂၄-၃-၂၀၂၀)ရက်နေ့အထိ Quality Nutrition Review Workshop ပြုလုပ်ခဲ့ပါသည်။
- (၂၀၂၀) ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း စစ်တွေမြို့နယ်အတွင်း (၂)နှစ်အောက်ကလေးသူငယ်များ အစာကျွေးမွေးခြင်းဆိုင်ရာ အသိပညာနှင့်အလေ့အထများ လေ့လာဆန်းစစ်သည့် သုတေသနစာတမ်းအတွက် စစ်တမ်းကောက်ယူခြင်းများ လုပ်ဆောင်ခဲ့ပါသည်။
- Nutrition Sector Meeting (၃)ကြိမ် ကျင်းပခဲ့ရာ ကျန်းမာရေးဝန်ထမ်း စုစုပေါင်း(၉၀)ဦးခန့် တက်ရောက်ခဲ့ပါသည်။
- ပြည်နယ်အဆင့်ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်းရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲအတွက် ကနဦးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၇-၁-၂၀၂၀)ရက်နေ့တွင် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်း(၄၀)ဦးခန့်ဖြင့် ကျင်းပခဲ့ပါသည်။

## ကျန်းမာရေးဆိုင်ရာအသိပညာပေးထုတ်လွှင့်မှု


- မေယု FM ရေဒီယိုအစီအစဉ်၌လည်း ကျန်းမာရေးအသိပညာပေးခြင်း၊ ကျန်းမာရေးသတင်းများနှင့် ကျန်းမာရေးအသိပညာပေး နှီးဆော်ချက်များအား အခါအားလျော်စွာ ထုတ်လွှင့်ပေးလျက်ရှိပါသည်။



## အစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်တွင် စုစုပေါင်းလူနာ(၁၂၁,၃၇၉)ဦး ဆေးကုသပေးနိုင်ခြင်း




ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် ခက်ခဲဒေသများသို့ အထူးစီမံချက်များဖြင့် တစ်နှစ်လျှင်(၃)ကြိမ်မှ(၄)ကြိမ်အထိ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။




### ကျန်းမာရေးဝန်ထမ်းများခန့်အပ်ခြင်း

- ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်နိုင်ရန် အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ လက်ထောက်ဆရာဝန် (၂၆)ဦးအား ရခိုင်ပြည်နယ်သို့ ပြောင်းရွှေ့ ခန့်ထားပေးခဲ့ပါသည်။



## ဆေးနှင့်ဆေးပစ္စည်းများ ဖြန့်ဖြူးပေးမှု



- ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် နောက်ဆက်တွဲခွဲဝေချထားပေးသည့် ရန်ပုံငွေ ကျပ်သန်း(၆၀၀)ဖြင့် ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူပြီး မြို့နယ်များသို့ ဖြန့်ဖြူးပေးလျက်ရှိပါသည်။
- ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်း ဆေးရုံများအတွက် ဆေးနှင့် ဆေးပစ္စည်းကိရိယာများဝယ်ယူရန် ရန်ပုံငွေကျပ်(၁,၄၈၄)သန်းအား ခွဲဝေချထားပြီး၊ ဆေးပစ္စည်းများဝယ်ယူရန် (၁၄-၂-၂၀၂၀)ရက်နေ့က တင်ဒါဖွင့်ဖောက်ခဲ့ပြီး ဖြစ်ပါသည်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေးဆောင်ရွက်မှု

စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေးအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ (၁၅၀၀)၊ အောက်ဆီဂျင် ဆလင်ဒါ ဖြည့်ပြီးသား အလုံး(၁၀၀)၊ အောက်ဆီဂျင်ပေးစက်(၁၅)လုံး၊ အစိုးရနှင့်အလှူရှင်များမှ လှူဒါန်းထားသော အသက်ရှူစက်(၃)လုံးတို့ကို အသင့်စီစဉ်ထားပါသည်။ Fever corner နှင့် ဆရာဝန်၊ ဆရာမ(၂၅)ယောက်ခန့်ကို အလှည့်ကျတာဝန်ချထားသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ် ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးတို့ကို (၈-၄-၂၀၂၀)၊ (၁၁-၄-၂၀၂၀)နှင့် (၂၅-၄-၂၀၂၀)ရက်နေ့တို့တွင် အသီးသီးကျင်းပခဲ့ပါသည်။

ရခိုင်ပြည်နယ် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လှဖိုးခေါင်ကြားစခန်းကိုတစ်ဖက်နိုင်ငံမှမိမိသဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများအတွက် Community Based Facility Quarantine နေရာအဖြစ် ဆောင်ရွက်ထားပါသည်။

## မွေးကင်းစကလေးများ မှတ်ပုံတင်ရေးအတွက် အထောက်အကူပြုနိုင်ရေးဆောင်ရွက်မှု

စစ်တွေမြို့နယ်အတွင်း အထူးအစီအစဉ်ဖြင့် အဖွဲ့ဝင်(၅)ဦးပါဝင်သည့် မွေးစာရင်းထုတ်ပေးရေး ဗဟိုကွင်းဆင်းအဖွဲ့မှ မွေးစာရင်းမရှိသေးသော သတ်မှတ်ချက်နှင့်ကိုက်ညီသည့် အသက်(၁၀)နှစ်အောက် ကလေးများအား မွေးစာရင်းထုတ်ပေးခြင်းလုပ်ငန်းကို (၉-၁၂-၂၀၁၉)ရက်နေ့မှစတင်၍ ကွင်းဆင်း ဆောင်ရွက်ခဲ့ရာ (၁၆-၃-၂၀၂၀)ရက်နေ့အထိ ကလေး (၈၉၇၆)ဦးအား မွေးစာရင်းထုတ်ပေးနိုင်ခဲ့ပါသည်။ ယခုအစီရင်ခံသည့်ကာလအတွင်း အောက်ပါအတိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-

| စဉ် | လူမျိုး | မွေးစာရင်းထုတ်ပေးသည့် အရေအတွက် (၁-၁-၂၀၂၀)ရက်နေ့မှ (၁၆-၃-၂၀၂၀)ရက်နေ့အထိ | | |
|---|---|---|---|---|
| | | ကျား | မ | စုစုပေါင်း |
| ၁ | မွတ်စလင်ဘာသာဝင် | ၃၀၄၀ | ၂၉၃၀ | ၅၉၇၀ |
| ၂ | ကမန် | ၂၁၈ | ၂၃၅ | ၄၅၃ |
| ၃ | အခြား | ၂ | ၂ | ၄ |
| | စုစုပေါင်း | ၃၂၆၀ | ၃၁၆၇ | ၆၄၂၇ |

## မူးယစ်ဆေးဝါးများ

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောမှုအနေဖြင့် (၁၁၈) ကြိမ်၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူလူထု (၆၈၉၈) ဦးအား ဟောပြောနိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါးအမှုပေါင်း(၅၁) မှု၊ တရားခံ(ကျား)၇၄ ဦး၊ တရားခံ(မ) ၉ ဦး၊ စုစုပေါင်းတရားခံ(၈၃)ဦး စုစုပေါင်းတန်ဖိုးငွေကျပ်(၂၆.၇၈၃) ဘီလီယံအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

## နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့ တောင်ကုတ်ဒီဂရီကောလိပ်၌ ကလေးစာပေပွဲတော်ကို (၁၀-၁-၂၀၂၀)ရက်နေ့မှ (၁၁-၁-၂၀၂၀)ရက်နေ့အထိ စာအုပ်ပြပွဲ၊ စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ၍ စာပေဟောပြောပွဲကျင်းပကာ ဆုရကျောင်းသား/သူများကို ဆုချီးမြှင့်ပေးခဲ့ပါသည်။




တောင်ကုတ်မြို့၌ ကလေးစာပေပွဲတော် ကျင်းပခြင်း
(၁၀-၁-၂၀၁၂)ရက်နေ့မှ(၁၁-၁-၂၀၂၀)ရက်နေ့အထိ

## လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး

ရခိုင်ပြည်နယ်အတွင်းရှိ အသိုက်အဝန်းများ သင့်မြတ်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး စံပြမြို့နယ်စီမံကိန်း (Social Cohesion Township Model Project – Maungtaw Township)ကို ကွဲပြားခြားနားမှုနှင့် အမျိုးသားသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (Center for Diversity and Natioanl Harmony – CDNH) နှင့်ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ –

- Social Cohesion and Intercultural Competence သင်တန်း(၂)ကြိမ်ကို သင်တန်းသား /သူ (၇၀)ဦး၊
- Rumor Management သင်တန်းကို သင်တန်းသား (၂၉) ဦး၊
- Capacity Building သင်တန်းကို ကျောက်ဖြူမြို့၌ သင်တန်းသား/သူ (၄၆)ဦး၊
- Stakeholder Meetingကို (၁၉-၂-၂၀၂၀) ရက်နေ့မှ (၂၂-၂-၂၀၂၀) ရက်နေ့အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ တိုင်းရင်းသား(၃၆)ဦး၊ မွတ်စလင်ဘာသာဝင်(၆)ဦး၊ စုစုပေါင်း(၄၂)ဦး တက်ရောက်ခဲ့ပါသည်။

### ပြန်လည်သင့်မြတ်ရေးကို ဦးတည်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ

- အခြေခံယာဉ်မောင်းသင်တန်း(အခမဲ့)(၇)ကြိမ်ကို သင်တန်းသား/သူ (၁၀၈) ဦးဖြင့်လည်းကောင်း၊
- လျှပ်စစ်သွယ်တန်းခြင်းသင်တန်းကို သင်တန်းသား/သူ (၄၀)ဦးဖြင့်လည်းကောင်း၊
- သစ်သီးယိုပြုလုပ်ခြင်းသင်တန်း (၃)ကြိမ်ကို သင်တန်းသူ(၁၂၀)ဦးဖြင့်လည်းကောင်း ပို့ချသင်ကြားပေးခဲ့ပါသည်။

### ဒေသခံလူထုများပါဝင်သည့် လှုပ်ရှားမှုများ

- အမျိုးသမီးဟင်းချက်ပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်းဘော်လီဘောပြိုင်ပွဲ၊ အမျိုးသမီးလက်ဆင့်ကမ်းအပြေးပြိုင်ပွဲများကို(၈-၂-၂၀၂၀)ရက်နေ့တွင် မောင်တောမြို့၊ မြို့မအားကစားကွင်းတွင် ကျင်းပပေးခဲ့ပါသည်။

### လူငယ်များစခန်းသွင်းလေ့ကျင့်ခြင်းနှင့် လေ့လာရေးခရီးစဉ်များ

- (၁၁-၂-၂၀၂၀) ရက်နေ့မှ (၁၇-၂-၂၀၂၀) ရက်နေ့အထိ ပဲခူးမြို့၊ ပန်းပျိုးလက်ဘုန်တော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ်မှ တိုင်းရင်းသားလူငယ် (၂၇) ဦးနှင့် မွတ်စလင်ဘာသာဝင်(၅)ဦး ပါဝင်ခဲ့ပြီး Social Cohesion၊ Conflict Analysis၊ Communication၊ Mediation and Negotiation ဘာသာရပ်များ ဆွေးနွေးပို့ချခဲ့သည်။
- (၂၂-၂-၂၀၂၀) ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်းမှ တိုင်းရင်းသား (၃၆)ဦး၊ မွတ်စလင်ဘာသာဝင်(၆)ဦး၊ စုစုပေါင်း(၄၂) ဦးအား ရန်ကုန်တိုင်းဒေသကြီး သန်လျင်နှင့် ကျောက်တန်းမြို့များသို့ လေ့လာရေးခရီးစဉ် စီစဉ်ပေးခဲ့ပါသည်။

### တွေ့ဆုံဆွေးနွေးပွဲများ(Community Dialogues)

- (၂၄-၂-၂၀၂၀) ရက်နေ့မှ ( ၂၇-၂-၂၀၂၀) ရက်နေ့အထိ ရန်ကုန်မြို့ CDNH ရုံး၌ အမျိုးသမီးများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးဆွေးနွေးပွဲကို ကျင်းပခဲ့ရာ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ တိုင်းရင်းသား(၆၁)ဦး၊ မွတ်စလင်ဘာသာဝင် (၃၁)ဦး၊ ဟိန္ဒူဘာသာဝင်(၄)ဦး၊ စုစုပေါင်း(၉၆)ဦး တက်ရောက်ခဲ့ပါသည်။
- လူမှုသဟဇာတဖြစ်ရေးကို ဦးတည်သောအမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်း လူမှုသဟဇာတဖြစ်စေရေးဦးတည်သော အမျိုးသမီးများတွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) တွင်(၂၃-၂-၂၀၂၀) ရက်နေ့တွင် ကျင်းပခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်အတွင်းမှတိုင်းရင်းသား(၉၅)ဦး၊ မွတ်စလင်ဘာသာဝင်(၃၆)ဦး၊ ဟိန္ဒူဘာသာဝင်(၇)ဦး၊ စုစုပေါင်း (၁၃၈)ဦး တက်ရောက်ခဲ့ပါသည်။



ရခိုင်ပြည်နယ်အတွင်းလူမှုသဟဇာတဖြစ်ရေး ဦးတည်သော အမျိုးသမီးများတွေ့ဆုံဆွေးနွေးပွဲ

## လုံခြုံရေးကဏ္ဍ

- ရဲတပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်မြင့်မားစေရန် လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း(၅)ကြိမ် ဖွင့်လှစ်၍ အမှုထမ်း(၁၇၈)ဦးတို့အား လေ့ကျင့်ပေးခဲ့ပါ သည်။
- လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်း(၂၃၉၇)ကြိမ်၊ ဝပ်ကင်း(၅၀၁၉)ကြိမ် ဆောင်ရွက်ခဲ့ပြီး မှုခင်းများစုံစမ်းစစ်ဆေးဖော်ထုတ်၍ ဥပဒေနှင့်အညီ တရားစွဲတင်ပို့ခြင်း၊ အကြမ်းဖက်မှုများ၊ လက်နက်မှုများ၊ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်မှုများနှင့် တရားမဝင်နယ်စပ်ဖြတ်ကျော်မှုများအား အရေးယူဆောင်ရွက်လျက်ရှိပါသည်။





## လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ တင်သွင်းခြင်း



နိုင်ငံတော်သမ္မတထံ အပြီးသတ်အစီရင်ခံစာ တင်သွင်းခြင်း (၂၀-၁-၂၀၂၀)ရက်နေ့

- ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့သည် ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးရန် နိုင်ငံတကာအဖွဲ့ဝင်များ ပါဝင်သည့် "လွတ်လပ်သောအချက်အလက်ရှာဖွေရေးကော်မရှင်တစ်ရပ်" အား ဖွဲ့စည်းရန် ကြားဖြတ်အကြံပြုချက်များတွင် အကြံပြုခဲ့ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့နှင့် ယင်းကာလနောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့်တိုက်ခိုက်မှုများနှင့် ဒေသခံအမြောက်အမြားအားနေရပ်စွန့်ခွာသွားစေသည့် ယင်းတိုက်ခိုက်မှုများ၏ နောက်ဆက်တွဲကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန်၊ ယင်းပဋိပက္ခဖြစ်စဉ်များနှင့် ဆက်စပ်သည့် တာဝန်ရှိသူများကို ဖော်ထုတ်နိုင်ရန်နှင့် ရခိုင်ပြည်နယ် ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မည်သည့်လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သင့်သည်ဟူသည့်အကြံပြုချက်များကိုပေးစွမ်းနိုင်ရန်ရည်ရွယ်၍(၃၀-၇-၂၀၁၈) ရက်နေ့တွင် အဖွဲ့ဝင်(၄)ဦးပါသော လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ကို ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်က အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ(၂၀-၁-၂၀၂၀) ရက်နေ့တွင် တင်သွင်းခဲ့ပါသည်။

## နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်း

နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေပြင်ကင်းလှည့်ခြင်း (၁၃)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

# တရားမျှတမှုရရှိရေး

## လူ့အခွင့်အရေးဖောက်ဖျက်ကျူးလွန်ခံရမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု




- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလူ့အခွင့်အရေးဖောက်ဖျက်ကျူးလွန်ခံရမှုနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်(၁၄)စောင်ကို လက်ခံရရှိခဲ့ပြီး ကော်မရှင်ရုံးချုပ်သို့ပေးပို့၍ ကော်မရှင်ရုံးချုပ်၏ စိစစ်ပြန်ကြားချက်များကိုလည်း ကာယကံရှင်များထံသို့ ပြန်ကြားဆောင်ရွက်လျက်ရှိပါသည်။



- ရုံးခွဲဖွင့်လှစ်ထားရှိမှုအား ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက်(၆-၃-၂၀၂၀)ရက်နေ့တွင် စစ်တွေတက္ကသိုလ်ရှိ ကျောင်းသား/သူများထံသို့ လက်ကမ်းစာစောင်များ၊ ကော်မရှင်ဥပဒေနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းများအား အသိပညာပေးဖြန့်ဝေဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။
- စစ်တွေမြို့အခြေစိုက် ရခိုင်ပြည်နယ် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးအဖွဲ့သည် ကော်မရှင်ရုံးခွဲတာဝန်ခံနှင့် ၂၀၁၉ ခုနှစ်တွင်(၂)ကြိမ်၊ (၂၃.၃.၂၀၂၀)ရက်နေ့တွင်(၁)ကြိမ် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် ကော်မရှင်အကြောင်း လက်ကမ်းစာစောင်များကို ဆက်လက်ဖြန့်ချိနိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ခဲ့ပါသည်။


## ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးမှု

| စဉ် | ကော်မတီ/အဖွဲ့ | လုပ်ငန်းဆောင်ရွက်မှု |
|---|---|---|
| ၁ | တူးဖော်ရေးလုပ်ငန်းအဖွဲ့ | မြောက်ဦးနန်းတော်ရာကုန်း တူးဖော်တွေ့ရှိမှု ထွက်ရှိလာသော ကျောက်ကျိုးကျောက်ပဲ့များအား သယ်ယူရွှေ့ပြောင်းခြင်းနှင့် ကျန်ရှိနေသေးသော နန်းတော်ရာကုန်း၏ တူးဖော်မှုများကို ဆက်လက်ဆောင်ရွက်ခြင်း |
| ၂ | ရှေးဟောင်းပစ္စည်းများမှတ်တမ်းပြုစုရေး ဆပ်ကော်မတီ | ရှေးဟောင်းပစ္စည်းများအား မှတ်တမ်းတင်ခြင်း၊ စာစီစာရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း |
| ၃ | ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းပြုစုရေးဆပ်ကော်မတီ | Inventory ကောက်ယူထားသော ရှေးဟောင်း အဆောက်အအုံများအား ပုံထုတ်ရေးဆွဲခြင်း၊ နံပါတ်စာပါသော ကျောက်တိုင်များ စိုက်ထူခြင်း |
| ၄ | ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့အစည်း | လကွယ်တောင်၊ စေတီ၊ နန်းသားကန်အနီးပတ်ဝန်းကျင်ဒေသ၊ ရသေ့တောင်စေတီ၊ ကိုးနဝင်းစေတီ၊ နန်းတော်ရာကုန်းအပေါ်ထပ်၊ ကျောက်ရာဇ်ကေကျိုးစေတီနှင့် မင်းရန်အောင်ဗိဋကတ်တိုက်၊ နန်းတောရာကုန်း အနောက်ဘက်ကျိုး၊ ကျိုးလှေကာနှင့်ကျိုးရေထွက်ပေါက် မြေညှိခြင်း၊ မြောက်ဘက်ကျိုး ရေထွက်ပေါက်မြေညှိခြင်း၊ နန်းတော်ရာကုန်းအရှေ့ဘက် တတိယတံတိုင်း၊ တောင်ဘက် ဒုတိယတံတိုင်း၊ မြောက်ဘက်တတိယတံတိုင်းတို့အား ထိန်းသိမ်းရေးဆောင်ရွက်နိုင်ရန် ရှင်းလင်းခြင်း |
| ၅ | ယဉ်ကျေးမှုအမွေအနှစ်ပညာပေးရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆပ်ကော်မတီ | ဌာနဆိုင်ရာများနှင့်မြောက်ဦးဒေသရှိ CSO များအား အသိပညာပေးဟောပြောခြင်း |
| ၆ | ညှိနှိုင်းဆွေးနွေးပွဲများ | (၂)ကြိမ် |

## နယ်စပ်ဆိုင်ရာကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေး

- တပ်ရင်းမှူးအဆင့်တွေ့ဆုံမှုအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း၌ (၂-၃-၂၀၂၀)ရက်နေ့နှင့် (၁၁-၃-၂၀၂၀) ရက်နေ့တို့တွင် (၂)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံကြားကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှုအခြေအနေ



## ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး


နိုင်ငံတော်သမ္မတနှင့်အိန္ဒိယဝန်ကြီးချုပ်တို့ တွေ့ဆုံခြင်း (၂၇-၂-၂၀၂၀)ရက်နေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် (၂၇-၂-၂၀၂၀)ရက်နေ့မှ (၂၉-၂-၂၀၂၀)ရက်နေ့အထိ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အတွင်း အိန္ဒိယဝန်ကြီးချုပ်မစ္စတာရှရီနာရင်ဒရာမိုဒီနှင့်တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ ထည့်သွင်းဆွေးနွေးခဲ့ပြီး၊ ခရီးစဉ်ဆိုင်ရာ မြန်မာ-အိန္ဒိယပူးတွဲကြေညာချက်တွင် ရခိုင်ပြည်နယ်၌ လူမှု-စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အိန္ဒိယဘက်မှ ဆက်လက်ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ချစ်ကြည်ရေး ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြားနားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက် (၁၀)ခုအား လက်မှတ်ရေးထိုးခဲ့ရာ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့်စပ်လျဉ်း၍ မြောက်ဦးမြို့နယ်ရှိဆေးရုံတွင် စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ပြန်လည်ထုတ်ယူနိုင်သောစက်ရုံ တည်ဆောက်ရေးနှင့် ဝမြို့နယ်တွင် မျိုးစေ့သိုလှောင်ရုံများနှင့် ရေပေးဝေရေးစနစ် တည်ဆောက်ရေးဆိုင်ရာ စီမံကိန်းသဘောတူညီချက်၊ ရခိုင်ပြည်နယ်ရှိ မြို့နယ်ငါးမြို့နယ်၌ နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဆိုင်ရာ စီမံကိန်းသဘောတူညီချက်၊ ဘူးသီးတောင်မြို့နယ်၌ ကျွဲရိုင်း-အိုးဖြူ ကျေးရွာသွားလမ်းခင်းခြင်းနှင့် ကျောင်းတောင်-ကျွန်းပေါက်ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းခြင်းဆိုင်ရာ စီမံကိန်းသဘောတူညီချက်၊ မူလတန်းကြိုကျောင်းများ ဆောက်လုပ်ရေးဆိုင်ရာ စီမံကိန်း သဘောတူညီချက်တို့ပါဝင်သည်။


တရုတ်နိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏(၁၇-၁-၂၀၂၀) ရက်နေ့မှ (၁၈-၁-၂၀၂၀) ရက်နေ့အထိချစ်ကြည်ရေးခရီးစဉ်

တရုတ်နိုင်ငံသမ္မတမစ္စတာရှီကျင့်ဖျင်သည်(၁၇-၁-၂၀၂၀) ရက်နေ့မှ(၁၈-၁-၂၀၂၀)ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ထုတ်ပြန်သည့် မြန်မာ-တရုတ်နှစ်နိုင်ငံ ပူးတွဲကြေညာချက်တွင် ရခိုင်ပြည်နယ်ရှိအသိုက်အဝန်းအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးတို့ကို မြှင့်တင်ရန်နှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များတွင်ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။


ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး Mr. Kent Harstedt အား တွေ့ဆုံခြင်း (၆-၂-၂၀၂၀)ရက်နေ့

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး Mr. Kent Harstedtအား (၆-၂-၂၀၂၀)ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံစဉ်တွင် ရခိုင်ပြည်နယ်အရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် **Ms. Virginia Gamba** သည် (၁၄-၁-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့လာရောက်စဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးနှင့်လည်းကောင်းတွေ့ဆုံ၍ ရခိုင်အရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။



ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအထူး ကိုယ်စားလှယ် Ms. Virginia Gamba နှင့် တွေ့ဆုံခြင်း (၁၄-၁-၂၀၂၀)ရက်နေ့

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့်(၄၃)ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအစည်းအဝေး၏ အဆင့်မြင့်ကဏ္ဍသို့ တက်ရောက်မိန့်ခွန်းပြောကြားရာတွင် နိုင်ငံများအနေဖြင့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့အား ကာကွယ်မြှင့်တင်ရန် တာဝန်ရှိသည့်နည်းတူ ပြည်တွင်း၌ ဆောင်ရွက်နိုင်သည့်နည်းလမ်းများမကုန်ဆုံးသည်အထိ အခြားအရေးယူဆောင်ရွက်ခြင်းတို့မပြုလုပ်သည့် မူဝါဒအားထောက်ခံအားပေးရမည်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ဗီယက်နမ်နိုင်ငံ ညကျန်း(Nha Trang)မြို့၌ (၁၆-၁-၂၀၂၀) ရက်နေ့မှ (၁၇-၁-၂၀၂၀) ရက်နေ့အထိ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့စဉ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် အစိုးရ၏ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုလည်းကောင်း၊

(၃၁-၁-၂၀၂၀) ရက်နေ့တွင် ဂျကာတာမြို့အခြေစိုက် အာဆီယံဆိုင်ရာအီးယူသံအမတ်ကြီး မစ္စတာ အီဂေါဒရိုင်းစမန်းက လာရောက်တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အကူဖြစ်စေမည့် ပတ်ဝန်းကျင်ဖန်တီးရေးတွင် အာဆီယံမှ ကူညီပံ့ပိုးပေးသည့်လုပ်ငန်းများ၌ အီးယူမှပံ့ပိုးပေးနိုင်မည့်အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် **Ms. Christine Schraner Burgener** သည် (၂၇-၁-၂၀၂၀) ရက်နေ့မှ (၁-၂-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်စဉ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံပြီး ရခိုင်အရေးနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆွေးနွေးခဲ့ပါသည်-

- ကုလသမဂ္ဂ၊ အာဆီယံတို့နှင့်ပူးပေါင်းဆောင်ရွက်နေမှုနောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေ
- နိုင်ငံသားလျှောက်ထားမှုလုပ်ငန်းစဉ်ပိုမိုလျင်မြန်သွက်လက်လာစေရေးဆောင်ရွက်မှုအခြေအနေ
- မြန်မာကိုယ်စားလှယ်အဖွဲ့ ကော့ခ်ဘဇားသို့သွားရောက်၍ နေရပ်စွန့်ခွာသူများနှင့်ထိတွေ့ရှင်းလင်းမှုအခြေအနေ
- နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်နိုင်ရေးအတွက် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေ
- ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှု

## ကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု



ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ (၂၁)ကြိမ်မြောက် အစည်းအဝေးကို (၃-၁-၂၀၂၀)ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

ကော်မတီစတင်ဖွဲ့စည်းအကောင်အထည်ဖော်သည့် ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ လုပ်ငန်းဆောင်ရွက်မှုများကို အစီရင်ခံစာ(၆)ကြိမ်ဖြင့် ပြည်သူများသို့ နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် အသိပေးတင်ပြနိုင်ခဲ့ပြီး၊ ယခုအစီရင်ခံသည့်ကာလ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဧပြီလအထိ (၄)လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို သတ္တမအကြိမ်မြောက် ပြည်သူသို့ တင်ပြခြင်း ဖြစ်ပါကြောင်းနှင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကဏ္ဍပေါင်းစုံမှ ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖော်ပြအပ်ပါသည်။

